# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ( ၅၆/၂၀၁၉ )

## ၁၃၈၁ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ( ၁၂ )ရက်

## (၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(တ)၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့်ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းလုပ်ငန်းတာဝန်အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်ကြသောပြည်သူများအား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများမှကာကွယ်ရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများအား အများပြည်သူတို့သိရှိလိုက်နာစေရန် ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာလိုက်သည်။

၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အောက်ပါပရိဝုဏ်၊ အဆောက်အအုံနှင့်နေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်သည်-

(က) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ ပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်း ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက် အအုံများ၊

(ခ) လေအေးပေးစက်တပ်ဆင်ထားသော စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များ၊

(ဂ) လေအေးပေးစက်တပ်ဆင်ထားသော စတိုးဆိုင်များ၊ ကုန်တိုက်များ၊ ကုန်ပဒေသာဆိုင်များနှင့်ကိုယ်ပိုင်ဈေးများ၊

(ဃ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးများအတွင်းရှိ ဈေးရုံများ၊

(င) အမိုးအကာရှိသည့်စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့်အအေးဆိုင်များ၊

( စ ) ကလေးကစားရုံနှင့် ကစားကွင်းများ၊

( ဆ ) အများပြည်သူသုံးခန်းမကြီးများ၊

( ဇ ) ပုဂ္ဂလိကကျောင်းပရိဝုဏ်အတွင်းရှိဝန်ထမ်းအိမ်ရာနှင့်အိမ်ခန်းများမှအပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့်ပရိဝုဏ်အတွင်းရှိအခြားအဆောက် အအုံများ၊

( ဈ ) ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေး အဆောက်အအုံနှင့် စာသင်ခန်းများ၊

( ည ) ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် ဘော်ဒါဆောင်တို့၏ အဆောက်အအုံများ၊

၂။ အထက်အပိုဒ်(၁)ပါနေရာများ၏ တာဝန်ခံပုဂ္ဂိုလ်သည်-

(က) မိမိနှင့်သက်ဆိုင်သောနေရာရှိ လူအများမြင်သာသည့်နေရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာတွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို ပြုလုပ်ထားရှိရမည်၊

(ခ) အထက်အပိုဒ်၁ပါ အပိုဒ်ခွဲ(င)နှင့်အပိုဒ်ခွဲ(ည)တို့၏ တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သောနေရာတွင် ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာတွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ စီမံထားရှိရမည်ဖြစ်ပြီး ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာကို ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့်ဆိုင်းဘုတ်များ ပြုလုပ်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့် မရှိသောနေရာ၌ မည်သူမျှဆေးလိပ်သောက်ခြင်းမပြုရန်ကြပ်မတ်ဆောင်ရွက်ရမည်၊

၃။ ဆေးလိပ်ရောင်းချသူဖြစ်ပါက-

(က) ကျောင်းပရိဝုဏ်များမှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းမပြုရ၊

(ခ) စီးကရက်ကိုလွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် (၂၀)ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းမပြုရ၊

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော "ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့်စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"တွင် သတ်မှတ်ထားသည့်အတိုင်း သတိပေးရုပ်ပုံနှင့်စာသားများပုံနှိပ်ဖော်ပြထားခြင်းမရှိသော ဆေးလိပ်ထုပ်များကိုခင်းကျင်းရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမပြုလုပ်ရ၊

(ဃ) အသက်(၁၈)နှစ်မပြည့်သေးသောသူအား ဆေးလိပ်ကိုရောင်းချခြင်း(သို့မဟုတ်) ပေးကမ်းခြင်းမပြုရ၊

( င ) အသက်(၁၈)နှစ်မပြည့်သေးသောသူအားဆေးလိပ်ဖြန့်ဖြူးခြင်း(သို့မဟုတ်)ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းမပြုရ၊

( စ ) ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း၊ မြန်မာဘာသာဖြင့်ရေးသားထားသော သတိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရမည်၊

( ဆ ) အသက်(၁၈)နှစ်မပြည့်သေးသောသူကို ဆေးလိပ်ရောင်းချခြင်းမပြုကြောင်း၊ မြန်မာဘာသာဖြင့်ရေးသားထားသော သတိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရမည်။

၄။ ကော်မတီ၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်သောတာဝန်ခံပုဂ္ဂိုလ်နှင့် ဆေးလိပ်ရောင်းချသူများသည် အထက်ဖော်ပြပါစည်းကမ်းချက်များအားလိုက်နာခြင်းမရှိပါက ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၂အရ အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူနိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေအနည်းဆုံး (၁၀၀၀၀ိ/) (ကျပ်တစ်သောင်းတိတိ) တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင် (သို့မဟုတ်) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင် (သို့မဟုတ်) ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။